# Apple ရဲ့ iPod နဲ့ iPad အတွက်

## အခမဲ့ laser engrave အစီအစဉ်



ကိုယ်တန်ဖိုးထားရတဲ့လူကို လက်ဆောင်ပေးဖို့ဆိုရင် သူများထက် ထူးထူးခြားခြားလေးလည်း ဖြစ်စေ ချင်၊ ကိုယ်က အလေးအနက်ထားပြီး ပေးတယ်ဆိုတာကို လည်း သိစေချင်ကြမှာပါ။ လူငယ်တွေဟာ သီချင်းနားထောင်တာကို နေ့စဉ်ဘဝထဲမှာ အပန်းဖြေလုပ်ငန်းစဉ် တစ်ခုလို အသုံးပြုနေကြတာတွေ့ရပါတယ်။ ကိုယ့်အတွက် သီးသန့်ရည်ရွယ်ထားတဲ့ iPod လေးကို အမြဲတမ်းအမှတ်ရနေစေမယ့် စာတန်းလေးနဲ့ လက်ဆောင်ရတယ်ဆိုရင် ဘယ်လောက်များ ဝမ်းသာစရာကောင်းလိုက်ပါမလဲ။ ကိုယ်နှစ်သက်တဲ့ သူမိတ်ဆွေ၊ သူငယ်ချင်း၊ ချစ်သူနဲ့ မိသားစုတွေကို စိတ်ချမ်းသာမှု တစ်စုံတစ်ရာ ဖန်တီးပေးဖို့ ရည်ရွယ်ထားတယ်ဆိုရင်တော့ သတင်းကောင်းတစ်ခု ပေးပါရစေ။

KMD ကနေ iPod နဲ့ iPad တွေမှာ laser engrave လုပ်ပေးကြောင်း သိရလို့ စာဖတ်သူ သိရှိစေဖို့ KMD Sales & Services Centre (ပန်းဆိုးတန်း) က Sales & Marketing Executive ကိုလွင်ထူးအောင်နဲ့ တွေ့ဆုံပြီး မေးမြန်းခဲ့တာတွေကို တင်ပြပေးချင်ပါတယ်။ »

## laser engrave အစီအစဉ်အကြောင်း

သူများနဲ့ မတူတာလေးစဉ်းစားပြီး လုပ်ချင်တဲ့အပြင် Valentine's Day မှာ တန်ဖိုးရှိတာလေးတွေ ပေးတတ်ကြတယ် ဆိုတော့ အဲဒီနေ့မှာ ပေးလို့ရအောင်စဉ်းစားဖြစ်တာပါ။ တန်ဖိုးရှိတဲ့ပစ္စည်းဆိုတော့ Apple ကို စဉ်းစားမိတယ်။ ထူးခြားတဲ့ ပုံစံလေးလည်းဖြစ်အောင်၊ အမှတ်တရလည်းဖြစ်အောင်နဲ့ စာသားထွင်းပေးတယ်ဆိုတဲ့ message ကို အသိပေးတာလည်းဖြစ်အောင် ရည်ရွယ်ပြီး စီစဉ်ခဲ့တာဖြစ်ကြောင်း ကိုလွင်ထူးအောင်က ဆိုပါတယ်။

Laser engrave ဟာ Apple ကနေလုပ်ပေးတဲ့ program ပါ။ ဒီ Apple ရဲ့ အစီအစဉ်က နိုင်ငံတကာမှာရှိသလို မြန်မာနိုင်ငံမှာတော့ Valentine's Day အတွက် သီးသန့်လုပ်ပေးတာကတော့ KMD ရဲ့ own creation ပုံစံဖြစ်ပါတယ်။ နည်းနည်းထူးခြားပြီး တန်ဖိုးရှိတဲ့ပုံစံဖြစ်အောင် လုပ်ပေးလိုက်တာပါ။ Apple ရဲ့ service တစ်မျိုးဆိုတော့ Apple product ဝယ်မယ်ဆိုရင် laser engrave အစီအစဉ်က အခမဲ့ ဝန်ဆောင်မှုလည်း ဖြစ်ပါတယ်။ Apple ရဲ့ အစီအစဉ်ဟာ ထူးခြားပြီး Valentine's Day အတွက် သီးသန့်မဟုတ်ဘဲ အခြားအထိမ်းအမှတ်တွေအတွက်လည်း အမှတ်တရဖြစ်စေတာကြောင့် လက်ဆောင်ပေးလိုသူတွေအတွက် အဆင်ပြေပါတယ်။

Valentine အတွက် စဉ်းစားကြည့်တော့လည်း ရတဲ့လူအနေနဲ့ သူ့အတွက် သီးသန့်စာသားလည်း ပါတယ်ဆိုတော့ unique ဖြစ်ပါတယ်။ ပြီးတော့ ပေးတဲ့လူဘက်က ကြည့်မယ်ဆိုရင် Apple ပစ္စည်းဆိုတော့ impression ရှိတာမို့ ဒီလို လက်ဆောင်မျိုးက ပေးသင့်တယ်လို့ ထင်မြင်မိပါတယ်။ ဒီဝန်ဆောင်မှုဟာလည်း Apple က သူ့ brand အတွက်ပဲ လုပ်ပေးတာဖြစ်ပါတယ်။

## ဖေဖော်ဝါရီ အစီအစဉ်

KMD မှ ဖေဖော်ဝါရီ ၁၄ ရက်နေ့အတွက်၊ ဇန်နဝါရီ ၂၀ ရက်နေ့အထိ နောက်ဆုံးအချိန်သတ်မှတ်ပြီး လုပ်ပေးခဲ့ပါ



တင့်တဲ့ ငါးသောင်း၊ ခြောက်သောင်း ဝန်းကျင်ဆိုတော့ လူသုံးလည်းများပါတယ်။ တချို့ကျတော့လည်း iPad တွေ၊ iPod touch တွေ မှာကြပါတယ်။ ဒါပေမဲ့ Shuffle နဲ့ Nano က ပိုများပါတယ်။



## ဝန်ဆောင်မှုပိုင်း

Customer လက်မှတ်ထိုးပြီး ရေးထားတဲ့အတိုင်း မဟုတ်ဘဲ error တစ်ခုခု ဖြစ်သွားရင်တော့ ပြန်လဲပေးပါတယ်။ အဲဒီလို မဖြစ်အောင် စလုပ်ကတည်းက တစ်ခါတည်း customer နဲ့ confirm လုပ်ပါတယ်။ Error ကတော့ မရှိသလောက်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ Apple က တိကျပါတယ်။ ဒီက မှာလိုက်တဲ့ စာလုံးအတိုင်း ဘာမှ error မရှိပါဘူး။

Laser နဲ့ aluminium ပေါ်မှာ engrave လုပ်ပေးထားတာ တာမို့ ပစ္စည်းအတွက် color ရော operation ပိုင်းရော ဘာမှ ထိခိုက်မှု မရှိပါဘူး။ Apple ကုမ္ပဏီကိုယ်တိုင်က လုပ်ပေးတာ ဆိုတော့ ဘာမှပြဿနာ မရှိပါဘူး။

## Apple ပစ္စည်းတွေအတွက် ဝန်ဆောင်မှု

KMD မှာ laser engrave ကို Apple product အားလုံး အတွက် service ပေးနေပါတယ်။ Warranty မှာလည်း KMD က ဝယ်တဲ့ပစ္စည်းဖြစ်ခဲ့ရင် မူရင်းကုမ္ပဏီကို ပြန်ပို့ပြီး ပြင်ပေးပါတယ်။ ဒါပေမဲ့ တခြားကဝယ်တဲ့ ပစ္စည်းဖြစ်ခဲ့ရင်တော့ warranty အတွင်းမှာဆိုရင် charges ယူပါတယ်။ ဥပမာ နိုင်ငံခြားကဝယ်လာပြီး ဒီမှာ service လုပ်တာမျိုး ဖြစ်ပါတယ်။

iPod ၊ iPad နဲ့၊ iPhone တို့အတွက်ဆိုရင် jailbreak လုပ်ပေးပါတယ်။ Software installation လည်း လုပ်ပေးပါတယ်။ App download လုပ်တာကတော့ အခမဲ့လုပ်မယ်ဆိုရင် jailbreak လုပ်ရပြီး ဝယ်ထည့်ချင်ရင်လည်း ဝယ်ထည့်လို့ ရပါတယ်။ တချို့က တကယ့် original software ကို သုံးချင်ပေမယ့် သူတို့မှာ international bank account မရှိဘူးဆိုရင် လည်း လုပ်ပေးလို့ ရပါတယ်။ အဲဒီလိုမျိုး လုပ်တဲ့လူတော့ ဒီနိုင်ငံမှာ မရှိပါဘူး။ အားလုံးက jailbreak နဲ့ သုံးနေကြတာ ဖြစ်ပါတယ်။

## KMD မှာရနိုင်တဲ့ Apple ပစ္စည်းများ

Apple က အသစ်ထွက်တာတွေအားလုံး ပန်းဆိုးတန်း KMD မှာ ရနိုင်ပါတယ်။ ဒီမှာ မရှိတဲ့ပစ္စည်း လိုချင်ရင်လည်း မှာပေးပါတယ်။ Apple TV ကနေ စပြီး Apple server တွေအထိ လိုချင်တာတွေအားလုံး မှာလို့ရပါတယ်။ ဈေးနှုန်းကလည်း international price အတိုင်းပဲ ဖြစ်ပါတယ်။ ကြာချိန်ကတော့ ပုံမှန်အားဖြင့် နှစ်ပတ်ကနေ သုံးပတ်တော့ ကြာမှာရမှာ ဖြစ်ပါတယ်။ Advanced အနေနဲ့ ပစ္စည်းဈေးနှုန်းရဲ့တစ်ဝက်ကို ပေးထားရပါမယ်။

Notebook ၊ iPad ၊ iPhone အားလုံးကို KMD မှာ ဝယ်လို့ရပြီး Apple က ထုတ်တဲ့ ပစ္စည်းအားလုံးအတွက်ကိုလည်း KMD နဲ့ ဆက်သွယ်လို့ရသလို Apple ကနေ ကိုယ်စားလှယ် ယူဖို့လည်း အစီအစဉ်ရှိပါတယ်။ သူရဲ့ terms and condition အရ အခုကြိုးစားနေဆဲဖြစ်ပါတယ်။

KMD ရဲ့ authorized brand တွေက international brand တွေဖြစ်ပါတယ်။ International brand တွေက တစ်ကမ္ဘာလုံး အလိုက် marketing ကို စဉ်းစားပြီးသားဆိုတော့ KMD ရဲ့ authorized brand တွေအနေနဲ့ သိပ်စိတ်ပူစရာတော့ မလိုပါဘူး။ တကယ်လို့ အခက်အခဲရှိတယ်ဆိုရင် main company က ဖြေရှင်းပေးမှာပါ။ သူတို့ဆီမှာ နိုင်ငံပေါင်းစုံက အခက်အခဲ တွေရဲ့ အတွေ့အကြုံတွေလည်းရှိတယ်ဆိုတော့ အဲဒီအတွက် သိပ်စဉ်းစားစရာမလိုပါဘူး။ Authorized brand ကို ရပ်တည်နိုင်ဖို့ သူတို့က အမြဲတမ်း support လုပ်ပေးနေပါတယ်။ ■

ဖြိုးလဲ့မွန်

တယ်။ ဒီလို သတ်မှတ်လိုက်တာကလည်း အချိန်မီအောင်လို့ပါ။ ဒါပေမဲ့ order တွေက နည်းနည်းများတော့ supplyer နဲ့ ညှိပြီး တစ်ပတ်ထပ်တိုးပေးခဲ့ရပါတယ်။ ခန့်မှန်းထားခဲ့သလောက် order လည်းရခဲ့ပါတယ်။ အခုလုပ်ပေးခဲ့တဲ့ အစီအစဉ်ကတော့ ဖေဖော်ဝါရီ Valentine's day ကို ဦးတည်ပြီး သီးသန့်လုပ်ပေးခဲ့တာ ဖြစ်ပေမယ့် နောက်ပိုင်းမှာလည်း လုပ်ပေးလို့ရပါတယ်။ Valen-tine's Day မှာ ရန်ကုန်မြို့အတွင်းကို အိမ်တိုင်ရာရောက် ပို့ပေးတာ၊ ကိုယ်ပေးတာကို မသိစေချင်တဲ့သူအတွက် လျှို့ဝှက်ပေးထားတာ၊ သေချာထုပ်ပိုးပေးတာ စတဲ့ဝန်ဆောင်မှုတွေကိုလည်း KMD မှ လုပ်ပေးခဲ့ပါတယ်။

## Engrave ဆိုတာ

Laser engrave ဆိုတာ laser နဲ့ ရေးထွင်းထားတာပါပဲ။ စာသားအတိုအရှည် ကန့်သတ်ချက်ရှိပါတယ်။ Engrave လုပ်မယ်ဆိုရင် Apple က လုပ်ပေးတာဖြစ်တဲ့အတွက် iPod နဲ့ iPad မှာပဲရပါတယ်။ iPod မှာ Nano ၊ Shuffle ၊ Touch နဲ့ Classic ဆိုပြီးရှိပါတယ်။ Nano နဲ့ Shuffle မှာဆိုရင် စာသားက တစ်ကြောင်းပဲရပါတယ်။ Touch နဲ့ Classic မှာ စာနှစ်ကြောင်းရပါတယ်။

စာတစ်ကြောင်းမှာ english character ၂၅ လုံး ရေးလို့ရပါတယ်။ အဲဒီလိုဆိုတော့ Nano နဲ့ Shuffle မှာဆိုရင် စာကြောင်း တစ်ကြောင်း၊ စာလုံးရေ ၂၅ လုံး ထွင်းပေးလို့ရပြီး Touch နဲ့ Classic မှာဆိုရင်တော့ စာကြောင်းနှစ်ကြောင်း၊ စာလုံးရေ ၅၀ ထွင်းပေးလို့ရပါတယ်။ ရုပ်ပုံကတော့ ထွင်းပေးလို့ မရသေးပါဘူး။ စာသားသီးသန့်ပဲ ထွင်းပေးပြီး စာသားမှာမှ လက်ရေးဆက်တွေ မရပါဘူး။ ရိုးရိုးစာလုံးပဲ ဖောက်ပေးပြီး all capital letter လည်း မရပါဘူး။ အခုအချိန်အထိ english ဘာသာစကား တစ်မျိုးတည်း ပဲရပြီး တခြားဘာသာစကား တွေတော့ မရသေးပါဘူး။






## ကြာချိန်

Product တစ်ခု engrave လုပ်တယ်ဆိုရင် သာမန်ဆိုရင်တော့ Apple ရဲ့ factory ဘက်က ၄ ရက်လောက် အချိန်ယူတာဖြစ်လို့ ဒီနိုင်ငံအရောက် တစ်ပတ်လောက် အချိန်ပေးရပါတယ်။ တခြား ကြားထဲမှာ အခက်အခဲရှိရင်တော့ နည်းနည်းကြာသွားနိုင်ပေမယ့် ပုံမှန်ကတော့ တစ်ပတ်ပါပဲ။

## Laser engrave လုပ်လို့ရနိုင်တဲ့နေရာ

Laser engrave လုပ်တာက KMD Sales & Service Centre တိုင်းမှာ ရနိုင်ပါတယ်။ ဒါပေမဲ့ Apple product တွေက ပန်းဆိုးတန်း KMD နဲ့ မြေနီကုန်းစင်တာမှာပဲ ရနိုင်ပါတယ်။ ပန်းဆိုးတန်း KMD မှာ Apple သီးသန့် service လုပ်ပေးတဲ့သူလည်း ထားပေးထားပါတယ်။

## လိုအပ်ချက်

KMD မှာ Laser evgrave လုပ်မယ်ဆိုရင် စရန်တစ်ဝက်ပေးပြီး နာမည်၊ နေရပ်လိပ်စာအပြည့်အစုံနဲ့ ဘောက်ချာဖြတ်ရပါမယ်။ အဲဒီအချိန်မှာ တစ်ခါတည်း customer လိုချင်တဲ့စာသားကို ကိုယ်တိုင်ရေးပေးထားရမှာဖြစ်ပြီး လက်မှတ်ထိုးပေးထားရပါမယ်။ ဒီလိုလုပ်တယ်ဆိုတာကလည်း စာသားက ထွင်းပြီးရင် ပြန်ပြင်လို့ မရတာကြောင့် ဖြစ်ပါတယ်။ စာလုံးအရေအတွက်နဲ့ ကန့်သတ်ချက်တွေကိုလည်း တစ်ခါတည်း ပြောပြပေးမှာပါ။

Nano၊ Shuffle နဲ့ iPod Touch တွေထဲမှာ လောလောဆယ်တော့ Shuffle တွေက order ပိုများပါတယ်။ ဈေးနှုန်းသင့်